# National Environmental Quality (Emission) Guidelines (Draft)

# နှင့်ပတ်သက်သည့် ဒုတိယအကြိမ် ရှင်းလင်းဆွေးနွေးပွဲတွင်

# ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)မှ မြွက်ကြားမည့် အဖွင့်အမှာစကား

# ၁၄-၃-၂၀၁၅ (IBC ၊ ရန်ကုန်မြို့)

၁။ National Environmental Quality (Emission) Guidelines (Draft) နှင့်ပတ်သက်သည့် ဒုတိယအကြိမ် ရှင်းလင်းဆွေးနွေးပွဲသို့ ကြွရောက်လာကြတဲ့

- အာရှဖွံ့ဖြိုးမှုဘဏ်မှ Environmental Safeguards and Monitoring Specialist ဖြစ်သူ Mr. Iain Watson ၊
- ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာ ဆပ်ကော်မတီ အဖွဲ့ဝင်များ၊
- သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ၊
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများ၊ စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊
- အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တက်ရောက်လာကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

၂။ ကမ္ဘာပေါ်တွင် နိုင်ငံအသီးသီးမှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ကြရာမှာ ရာသီဥတု ပြောင်းလဲမှုအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ရင်ဆိုင်ခဲ့ရပါတယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တာနဲ့အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့အခါမှာ လူမှုစီးပွားအခြေအနေများ၊ သဘာဝ

သယံဇာတများနဲ့ ပတ်ဝန်းကျင်တို့အကြား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ **နိုင်ငံတော်ရဲ့ မူဝါဒမှာလည်း စီးပွားရေးနှင့်ပတ်ဝန်းကျင်ကို ပေါင်းစပ်ဆောင်ရွက်ရန် အားပေးဆောင်ရွက်လျက်ရှိပြီး လူထုမှလည်း ပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး သိမြင်နိုးကြားမှုများ ရှိလာပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာမှာ သဘာဝသယံဇာတ အခြေခံစီးပွားရေး လုပ်ငန်းများ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု၊ စက်မှုအခြေခံစီးပွားရေးလုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်း၊ အထူးစီးပွားရေးဇုန်များ ဆောင်ရွက်ခြင်းတို့ကြောင့် သဘာဝသယံဇာတများ ယိုယွင်းလာမှုနှင့် ရေ၊ လေ၊ မြေ စသည့် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှု စသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့လာရပါတယ်။**

၃။ နိုင်ငံတော်သမ္မတကြီးမှလည်း **"စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လိုအပ်ချက်ကို ဟန်ချက်ညီညီနှင့် ထိန်းညှိဆောင်ရွက်ပေးမယ့် မူဝါဒ တစ်ရပ်ကို ချမှတ်သွားမှာဖြစ်ကြောင်း၊** ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ ဥပဒေများကိုလည်း ပြန်လည်သုံးသပ်ပြီး လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ကြောင်း"ကို လမ်းညွှန်မှာကြားခဲ့ပါတယ်။

၄။ ဒါနဲ့ ဆက်လက်ပြီး ပြောရမယ်ဆိုရင် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှာ နေပြည်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့တဲ့ သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများအား လျှော့ချရေးဆိုင်ရာ ဒုတိယအကြိမ် အစည်းအဝေးမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် "Environmental Quality Standards အား ၂၀၁၇ ခုနှစ် နှစ်ကုန်

ပိုင်းတွင် ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန် နှင့် Standards မထုတ်ပြန်နိုင်မီ ပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာ လိုက်နာဆောင်ရွက်နိုင်ရန် Environmental Quality Guidelines အား အမြန်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။

၅။ ဒီစံချိန်စံညွှန်း ရေးဆွဲရေးနဲ့စပ်လျဉ်းလို့ ဥပဒေ၊ နည်းဥပဒေများမှာ ပြဋ္ဌာန်းထားတာ ပြောရမယ်ဆိုရင် ၂၀၁၂ ခုနှစ်၊ မတ်လမှာ ပြဋ္ဌာန်းခဲ့တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)ရဲ့ ပုဒ်မ (၁၀) မှာ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ပတ်ဝန်းကျင်အရည်အသွေး စံချိန် စံညွှန်းများကို သတ်မှတ်နိုင်သည်ဟု ဖော်ပြပါရှိသလို ထို့အတူ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက် နေ့တွင် ထုတ်ပြန်ခဲ့တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများမှာလည်း ဝန်ကြီး ဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်ဟု ဖော်ပြထားပြီး ဒီလိုပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ရာတွင် သက်ဆိုင်ရာဝန်ကြီး ဌာန၊ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့်လည်းကောင်း လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သည်ဟု ဖော်ပြထား ပါတယ်။

**၆။ ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့လာရတာနဲ့အမျှ ပတ်ဝန်းကျင် ညစ်ညမ်းမှုများအတွက် ထိန်းချုပ်နိုင်ရန်အတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှုရေးကို ထိထိမိမိအလေးထားဆောင်ရွက်နိုင်ဖို့အတွက် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲရေးဟာ အရေးကြီးတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။** အမျိုးသားအဆင့် စံချိန်စံညွှန်း များကို သတ်မှတ်နိုင်ရန်အတွက် စံချိန်စံညွှန်းများဆိုင်ရာ Focal Point ဖြစ်တဲ့ သိပ္ပံနှင့်

နည်းပညာဝန်ကြီးဌာနက ဖွဲ့စည်းထားတဲ့ စီမံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ (၁၉)ခုအနက် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီသည်လည်း တစ်ခုအပါအဝင်ဖြစ်တဲ့အတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အချိန်ယူဆောင်ရွက်ရမှာ ဖြစ်တာကြောင့် အမျိုးသားအဆင့် စံချိန်စံညွှန်းများ မထုတ်ပြန်နိုင်မီကာလအတွင်း စံချိန်စံညွှန်းဆိုင်ရာ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် National Environmental Quality (Emission) Guidelines အား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ အာရှဖွံ့ဖြိုးမှုဘဏ်နှင့် International Management Group တို့ ပူးပေါင်းပြီး နိုင်ငံတကာတွင် လက်ခံအသုံးပြုလျက်ရှိတဲ့ International Finance Corporation (IFC) မှာ ဖော်ပြထားတဲ့ ကဏ္ဍအလိုက် လုပ်ငန်းအမျိုးအစားကို အခြေခံပြီး ရေးဆွဲပြုစုခဲ့ ပါတယ်။

၇။ ဒီလိုရေးဆွဲခဲ့ရာမှာ National Environmental Quality (Emission) Guidelines (1st Draft) အား ပထမအကြိမ် ရှင်းလင်းဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့မှာ IBC မှာ အခုလိုပဲ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါရှင်းလင်းဆွေးနွေးပွဲမှ ဆွေးနွေး အကြံပြုချက်များအပေါ် အခြေခံပြီး ပြင်ဆင်ဖြည့်စွက်ထားပြီးဖြစ်တဲ့ National Environmental Quality (Emission) Guidelines (2nd Draft) နှင့်စပ်လျဉ်းလို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီမှ အဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များရဲ့ သဘောထားမှတ်ချက်နှင့်

အကြံပြုချက်များ ရရှိနိုင်ရေးအတွက် ယနေ့ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါတယ်။

၈။ ယနေ့ရှင်းလင်းဆွေးနွေးပွဲမှာ National Environmental Quality (Emission) Guidelines (ဒုတိယမူကြမ်း) ကို တက်ရောက်လာသူများမှ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံပြီး National Environmental Quality (Emission) Guidelines ($2^{nd}$ Draft) အား ပြင်ဆင်ခြင်းနှင့် အသစ်ထပ်မံဖြည့်စွက်ခြင်းများကို ပြုလုပ်ပြီးပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီသို့ တင်ပြကာ ကော်မတီမှတဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ထုတ်ပြန် နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၉။ နိဂုံးချုပ်အနေဖြင့် ယခုရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများမှ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးလမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် National Environmental Quality (Emission) Guidelines (Draft) အပေါ် သုံးသပ်အကြံပြု ချက်များ ပေးစေလိုပါကြောင်း ပြောကြားအပ်ပါတယ်။